ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# UNFC ပထမအကြိမ် ကွန်ဂရက်
# F.U.A ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်
# ပထမအကြိမ်စစ်ဦးစီးအဖွဲ့၏ ထုတ်ပြန်ကြေညာချက်

၁။ UNFC ပထမအကြိမ်ကွန်ဂရက် F.U.A ၏ ပထမအကြိမ်အစည်းအဝေးကို ၂၈.၁၁.၂၀၁၄ မှ ၂၉.၁၁.၂၀၁၄ ရက်နေ့အထိ F.U.A လွတ်မြောက်နယ်မြေတစ်နေရာတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

၂။ UNFC ၏ ကာကွယ်ရေးဌာနတာဝန်ခံ၊ ဒုတာဝန်ခံ တို့ - ဦးဆောင်ကြီးကြပ်မှုဖြင့် အဖွဲ့ဝင်အဖွဲ့ အစည်း အသီးသီး၏ စစ်ဘက်ဆိုင်ရာကိုယ်စားလှယ် (၁၁) ဦး၊ အကြံပေးနှင့် လေ့လာသူ အပါအဝင် စုစုပေါင်း (၁၅) ဦး တက်ရောက်ခဲ့ပါသည်။

၃။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) ချုပ်ဆိုနိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုများသည် တစုံတရာ နီးစပ်မှုရှိလာခဲ့သော်လည်း၊ စက်တင်ဘာလ ညှိနှိုင်းပွဲတွင် တပ်မတော်သား ကိုယ်စားလှယ်ကြီးများက နောက်ကြောင်းပြန် အဆိုပြုချက်များ အတင်းအကြပ် တင်သွင်းလာခြင်း၊ ကာကွယ်ရေးဦးစီးချုပ်၏ မူ (၆) ချက်ကို အခိုင်အမာ ထပ်မံတင်ပြလာခြင်း၊ နယ်မြေအနှံ့ အပြားတွင် ထိုးစစ်များ ပြင်းထန်လာခြင်းတို့အပေါ် F.U.A အစည်းအဝေးက များစွာ စိုးရိမ်မကင်း ဖြစ်ရသည်။

၄။ လတ်တလော ပကတိ ဖြစ်ရပ်များအရ- KIO ဗိုလ်သင်တန်းကျောင်းကို အကြောင်းမဲ့ အစီအစဉ် ရှိရှိ ပစ်ခတ်တိုက်ခိုက်ခြင်း၊ SSPP(SSA) ၏ တာ့ဖာဆောင်း ကူးတို့ဆိပ်ကို အင်အား အလုံးအရင်း သုံး၍ တိုက်ခိုက်သိမ်းပိုက်ခြင်း၊ PSLF/TNLA လှုပ်ရှားနယ်မြေများတွင် အင်အားသုံး၍ နယ်မြေစိုးမိုးရေး ထိုးစစ်ဆင်တိုက်ခိုက်နေခြင်း၊ DKBA ထိန်းချုပ်နယ်မြေ၊ KNLA ၊ CNF နှင့် အခြားတိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးနယ်မြေများတွင် ပဏာမလက်မှတ်ထိုးပြီးသား အပစ်အခတ်ရပ်စဲရေး စာချုပ်ကို ဖျက်ဆီးလိုသော ရန်လိုမှုလုပ်ရပ်များ အားလုံးကို ဤစည်းအဝေးကြီးမှ ပြင်းထန်စွာ ရှုတ်ချလိုက်သည်။

၅။ ထို့ကြောင့် နိုင်ငံသားများအားလုံး မျှော်လင့်တောင့်တနေသည့် စစ်မှန်သောငြိမ်းချမ်းရေးကို စတင်ဖော်ဆောင်နိုင်ရန် အခြေခံဖြစ်သော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆို နိုင်ရေး ကြိုးပမ်းနေသည့်ကာလတွင် အနှောက်အယှက် အဟန့်အတား ဖြစ်စေသော စစ်ဆင်မှု များ၊ ရန်လိုမှုများ အားလုံးကို ချွင်းချက်မရှိ ရပ်ဆိုင်းရန် ဤ F.U.A စစ်ဦးစီးအဖွဲ့ အစည်းအဝေး က အလေးအနက် တောင်းဆိုကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဆက်သွယ်ရန် - F.U.A ဦးစီးချုပ် - ဗိုလ်ချုပ် ဘီထူး
Phone - 085 6207463
ဗိုလ်မှူးကြီး ခွန်ဥက္ကာ (F.U.A အကြံပေး)
Phone - 081 9502158